# စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ မင်းကွန်းဓမ္မနာဒကျောင်းတိုက်
# အဘိဓဇမဟာရဋ္ဌဂုရု၊ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊
# အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏
# ထေရုပ္ပတ္တိအကျဉ်း



**ဆရာတော်ကြီးသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ပထမဦးဆုံး အကျိုးတော်ဆောင်**
**အဖြစ်(၁၉၈၁-၁၉၉၃)ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။**

| | | | |
|---|---|---|---|
| ၁။ | **ဘွဲ့တော်** | - | ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ |
| ၂။ | **ကျောင်းတိုက်** | - | မင်းကွန်းဓမ္မနာဒကျောင်းတိုက်၊ စစ်ကိုင်းတောင်ရိုး၊ |
| ၃။ | **အသက်၊ သိက္ခာ၊ ဂိုဏ်း** | - | သက်တော်(၈၁)နှစ်၊ သိက္ခာတော်(၆၁)ဝါ ၊ သုဓမ္မာဂိုဏ်း။ |
| ၄။ | **မွေးသက္ကရာဇ်** | - | ၁၂၇၃-ခုနှစ်၊တန်ဆောင်မုန်းလဆန်း(၁၁)ရက်၊ ဗုဒ္ဓဟူးနေ့၊ |
| ၅။ | **ဇာတိရပ်ရွာနှင့်ခမည်းတော် မယ်တော်တို့၏အမည်** | - | မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ ကျည်းပင်ရွာ၊ ဦးဆုံ- ဒေါ်ဆင်။ |
| ၆။ | **ရှင်သာမဏေပြုခြင်း** | - | ၁၀-နှစ်အရွယ်တွင် မြင်းခြံမြို့၊ မင်းကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တသောဘိတကို ဥပဇ္ဈာယ်ပြု၍ မယ်တော်ဒေါ်ဆင်၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ အဖြစ်သို့ ရောက်သည်။ |

| | | | |
|---|---|---|---|
| ၇။ | **ရဟန်းပြုခြင်း** | - | ၁၂၉၂-ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၆)ရက်နေ့တွင် စစ်ကိုင်းမြို့၊ မင်းကွန်းငွေတောင်တောရကျောင်းတိုက် ခဏ္ဍသိမ်၌ ဓမ္မနာဒကျောင်းဆရာတော် ဘဒ္ဒန္တ ပညာစက္ကကို ဥပဇ္ဈာယ်ပြု၍ မင်းကွန်းကျောင်း ဆရာကြီးဒေါ်ဓမ္မစာရီနှင့် သူဌေးကြီးဆာဦးသွင်၊ ဒေါ်ဒေါ်သိန်းတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်သည်။ |
| ၈။ | **စာပေသင်ယူခြင်း** | - | မြင်းခြံမြို့နယ်၊ ကျည်းပင်ရွာကျောင်းဆရာတော်၊ မြင်းခြံမြို့၊ မင်းကျောင်းဆရာတော်၊ စစ်ကိုင်းမြို့ ဓမ္မနာဒကျောင်းဆရာတော် စသည့်ဆရာတော်တို့ ထံ၌ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့ ပါသည်။ |
| ၉။ | **အောင်မြင်ခဲ့သောစာမေးပွဲများ** | - | ပထမကျော်၊ အစိုးရဓမ္မာစရိယ၊ သကျသီဟဓမ္မာ စရိယ၊ ဝဋံသကာ၊ ဝိသိဋ္ဌတိပိဋကဓရ(၁၃၁၅)၊ မဟာတိပိဋကကောဝိဒ (၁၃၁၅) (၁၉၅၃)။ |
| ၁၀။ | **သာသနာရေးတာဝန်** | - | ဆဋ္ဌသင်္ဂါယနာတင်ပွဲတွင် အဖြေ ဝိသဇ္ဇက အဖြစ်ဆောင်ရွက်တော်မူ၍ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့အကျိုးတော်ဆောင်အဖြစ် တာဝန် ထမ်းဆောင်တော်မူခဲ့ပြီး နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး)နှင့် တိပိဋကနိကာယ ကျောင်းတိုက်ကြီးကို တာဝန်ယူ တည်ထောင်ပေးခဲ့ပါသည်။ |
| ၁၁။ | **ရေးသားပြုစုသောကျမ်းဂန်များ** | – | မဟာဗုဒ္ဓဝင်ကျမ်းကြီးအပါအဝင် ကျမ်းဂန်များ ပြုစုတော်မူခဲ့ပါသည်။ |

၁၂။ **သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် - ဆက်ကပ်ခံရခြင်း**

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက (၁၉၅၃) ခုနှစ်၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့ (၁၉၇၉)ခုနှစ်၊ အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့ (၁၉၈၄)ခုနှစ်၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက(၁၉၉၁)ခုနှစ်။

၁၃။ **ဘဝနတ်ထံပျံလွန်တော်မူခြင်း** -

၁၃၅၄-ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၃)ရက်၊ ၉-၂- ၁၉၉၃ တွင် စစ်ကိုင်းတောင်ရိုးမင်းကွန်း ဓမ္မနာဒကျောင်းတိုက်၌ ပျံလွန်တော်မူခဲ့ပါသည်။

# မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ မဟာဝိသုတာရာမတိုက်သစ် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တကုမာရ၏ ထေရုပ္ပတ္တိအကျဉ်း



**ဆရာတော်ကြီးသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တတိယမြောက် အကျိုးတော်ဆောင်အဖြစ် (၁၉၉၅-၂၀၀၄)ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။**

| | | | |
|---|---|---|---|
| ၁။ | **ဘွဲ့တော်** | - | ဘဒ္ဒန္တကုမာရ |
| ၂။ | **ကျောင်းတိုက်** | - | မဟာဝိသုတာရာမတိုက်သစ်၊ မကွေးမြို့၊<br>မကွေးတိုင်းဒေသကြီး။ |
| ၃။ | **အသက်၊ သိက္ခာ၊ ဂိုဏ်း** | - | သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၆၈)ဝါ ၊<br>သုဓမ္မာဂိုဏ်း။ |
| ၄။ | **မွေးသက္ကရာဇ်** | | ၁၂၈၄- ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၄)ရက်၊<br>တနင်္လာနေ့။ |
| ၅။ | **ဇာတိရပ်ရွာနှင့်ခမည်းတော်<br>မယ်တော်တို့၏အမည်** | - | မကွေးတိုင်းဒေသကြီး၊ (စကု)မြို့နယ်၊<br>လေးအိမ်တန်းကျေးရွာ၊<br>ဦးထွန်းကြွယ်- ဒေါ်ပိုးမျှင်။ |

၆။ ရှင်သာမဏေပြုခြင်း - ၁၂၉၇-ခုနှစ်၊ တပို့တွဲလတွင် ကျွန်းကလေးကျောင်းဆရာတော်ဦးဝေပုလ္လကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်သည်။ ရှင်ကုမာရဘွဲ့တော်မည်ပါသည်။

၇။ ရဟန်းပြုခြင်း - ၁၃၀၄-ခုနှစ်၊ နယုန်လပြည့်ကျော် (၆) ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက်(၈)နာရီ (၃၀)မိနစ်အချိန်တွင် စကုမြို့နယ်၊ ဆင်ခေါင်းရွာ၊ ကြို့ယွန်းကျောင်းဆရာတော်အရှင်ရာဇိန္ဒ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး မန်းချောင်း (ခ) နမ္မဒါမြစ် ဥဒကုက္ခေပသိမ်၌ ရဟန်းအဖြစ်သို့ ရောက်သည်။

၈။ စာပေသင်ယူခြင်း - ၆-နှစ်သား အရွယ်တွင် ကျွန်းကလေးကျောင်းဆရာတော် ဦးဝေပုလ္လနှင့်တကွ လက်ထောက်တပည့်ကြီးများဖြစ်ကြသော ဦးစန္ဒာဝရ၊ ဦးရေဝတတို့ထံတွင် သင်ရိုးပညာရပ်ကို သင်ယူခဲ့ပြီး၊ ၁၂ နှစ်သားအရွယ်တွင် ပုဒ်စစ်၊ သုတ်စစ်နှင့်တကွ ကစ္စည်းသဒ္ဒါကြီးကို သုံးခေါက်သင်ယူခဲ့သည်။ ၁၆-နှစ်သားအရွယ်တွင် ရေစကြိုမြို့၊ အရှင်သူရိယ၊ အေးကျောင်း ဆရာတော်အရှင်အာစာရ၊ ဒန်းပင်ကျောင်းဆရာတော် အရှင်သီလဝန္တတို့အထံ၌ သဒ္ဒါ၊ သင်္ဂဟ၊ ဋီကာကျော်၊ ရူပသိဒ္ဓိ၊ အဘိဓမ္မာ ညဝါစသော ပိဋကတ်အခြေခံကျမ်းဂန်များ၊ မကွေးမြို့ ဝိသုတာရာမတိုက် ဆရာတော်အရှင်နာရဒ၊ အရှင်ဝိသောဘဏတို့ထံ၌ နိကာယ်ငါးရပ်၊ အဋ္ဌကထာ၊ ဋီကာ၊ မန္တလေးမြို့၊ မစိုးရိမ်ဆရာတော် အရှင်သူရိယာဘိဝံသ၊ မဟာဝေယံဘုံသာကျောင်းတိုက် ဆရာတော် အရှင်ကလျာဏ၊ အရှင်ဥက္ကံသ စသော ကျမ်းတတ်အကျော် ဆရာတော်များထံတွင် အထက်တန်း ပိဋကတ်ကျမ်းစာများကို ဆက်လက် နည်းခံသင်ကြားဆည်းပူးတော်မူသည်။

၉။ **အောင်မြင်ခဲ့သောစာမေးပွဲများ** - အောင်မြေသာယာသူဌေးတိုက် ဝိနည်းစာမေးပွဲ၊ ငယ်၊ လတ်၊ ကြီးတန်းတို့ကို အောင်မြင်ခဲ့ပါသည်။ ၁၃၁၄-ခုနှစ်တွင် ပါဠိတက္ကသိုလ် စာချတန်း စာမေးပွဲ ကျမ်းရင်းသုံးကျမ်းနှင့် ဂုဏ်ထူးဆောင် (၆)ကျမ်း ပေါင်း(၉)ကျမ်းလုံးကို နှစ်ချင်းပေါက် အောင်မြင်ခဲ့သဖြင့် သာသနဓဇသိရီပဝရ ဓမ္မာစရိယ သိရောမဏိ ဘွဲ့တံဆိပ်တော်ကို ရရှိတော်မူခဲ့ သည်။

၁၀။ **စာပေပို့ချခြင်း** - ၁၃၁၄-ခုနှစ်တွင် မကွေးမြို့ မဟာဝိသုတာရာမ တိုက်သစ်၌ ဂဏဝါစကစာချအဖြစ် ချီးမြှောက် မှုကို ခံယူပြီး စာသင်ရှင်ရဟန်းတို့အား ငယ်၊ လတ်၊ ကြီး၊ ဓမ္မာစရိယတန်း စာဝါများနှင့် နိကာယ်ငါးရပ် ပါဠိတော် အဋ္ဌကထာ ဋီကာ များကို ပို့ချတော်မူခဲ့ပါသည်။

၁၁။ **သာသနာရေးတာဝန်** - ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်၌ ပါဠိဝိသောဓက ဓမ္မသင်္ဂဏီ ပါဠိဘာဏက၊ သင်္ဂီတိကာရက အဖြစ်လည်းကောင်း၊ မြသလွန်စေတိယ ဘဏ္ဍာ ဂါရိကအဖွဲ့၏ ဩဝါဒါစရိယ အဖြစ်လည်းကောင်း၊ မကွေးမြို့ နေ့စဉ်သံဃာ့ဒါနဆွမ်းလောင်း အသင်းကြီး၏ ဩဝါဒါစရိယအဖြစ်လည်းကောင်း၊ မကွေးမြို့ ပရိယတ္တိသာသနာနုဂ္ဂဟစာမေးပွဲကြီး၏ ဩဝါဒါစရိယအဖြစ်လည်းကောင်း၊ မန္တလေးမြို့ ဗြဟ္မစိုရ် လူမှုကူညီရေးအသင်းကြီး၏ ဩဝါဒါ စရိယအဖြစ်လည်းကောင်း၊ မကွေးမြို့ ကရုဏာရှင် များ နာရေးကူညီမှုအသင်းကြီး၏ ဩဝါဒါစရိယ အဖြစ်လည်းကောင်း၊ ရန်ကုန်မြို့၊ အပြည်ပြည် ဆိုင်ရာ အဘိဓမ္မမဟာသိပ္ပံ၏ ဩဝါဒါစရိယ အဖြစ်လည်းကောင်း၊ တိ-နိသာသနာပြုဥပဋ္ဌာက

အဖွဲ့များ၏ ဩဝါဒါစရိယအဖြစ်လည်းကောင်း၊ ပခုက္ကူ မဟာဝိသုတာရာမိက ဂဏဝါစကနိကာယကြီး၏ ဂဏအနုဝိနာယက၊ သမ္မုတိဂဏမဟာဝိနာယကအဖြစ်လည်းကောင်း၊ ပထမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်လည်းကောင်း၊ နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖြစ်လည်းကောင်း၊ ဒုတိယ၊ တတိယ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်၊ တွဲဖက်အကျိုးတော်ဆောင်အဖြစ်လည်းကောင်း၊ စတုတ္ထအကြိမ် နိုင်ငံတော်သံဃမဟာနာယက အကျိုးတော်ဆောင်အဖြစ်လည်းကောင်း၊ ပဉ္စမအကြိမ်နှင့် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး)တို့၏ အဓိပတိအဖြစ်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ အဓိပတိအဖြစ်လည်းကောင်း ဆောင်ရွက်တော်မူခဲ့ပါသည်။

၁၂။ **ရေးသားပြုစုသောကျမ်းဂန်များ** - လူသေလူဖြစ်ဝါဒ အနုဝါဒဝိနိစ္ဆယ ထေရဝါဒစွယ်စုံကျမ်းကြီးနှင့်၁။ ဥပါသကာဂုဏ်သိဖွယ်စုံတရားတော်၊ ၂။ ဗြဟ္မဝိဟာရအလင်းရောင်(ခေါ်) ဗြဟ္မစိုရ်တရားတော်၊ ၃။ လူငယ်မျက်ရှုအခြေပြုတို့ကို ရေးသားပြုစုခဲ့သည်။

၁၃။ **သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရခြင်း** - အဂ္ဂမဟာပဏ္ဍိတ(၁၃၅၀)၊အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက(၁၃၅၈) ရရှိတော်မူခဲ့ပါသည်။

၁၄။ **ဘဝနတ်ထံပျံလွန်တော်မူခြင်း** - (၂၀၁၀)ခုနှစ်၊ သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၆၈)ဝါအရတွင် တစ်ဘဝခန္ဓာဇာတ် ကင်းပြတ်ချုပ်ငြိမ်း၊ ရုပ်သိမ်း ပျံလွန်တော်မူခဲ့ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ခြောက်ထပ်ကြီးဘုရားကြီးကျောင်းတိုက်**
**အဂ္ဂမဟာပဏ္ဍိတဆရာတော် ဘဒ္ဒန္တခေမိန္ဒသာမိ၏**
**ထေရုပ္ပတ္တိအကျဉ်း**



**ဆရာတော်ကြီးသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆဋ္ဌမြောက် အကျိုးတော်ဆောင် အဖြစ်(၂၀၁၁-၂၀၁၅)ခုနှစ် အထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။**

| | | | |
|---|---|---|---|
| ၁။ | **ဘွဲ့တော်** | - | ဘဒ္ဒန္တခေမိန္ဒသာမိ |
| ၂။ | **ကျောင်းတိုက်** | - | ခြောက်ထပ်ကြီးဘုရားကြီးကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၃။ | **အသက်၊သိက္ခာ၊ဂိုဏ်း** | - | သက်တော်(၉၃)နှစ်၊ သိက္ခာတော်(၇၃)ဝါ ၊ သုဓမ္မာဂိုဏ်း။ |
| ၄။ | **မွေးသက္ကရာဇ်** | - | ၁၂၉၇-ခုနှစ်၊ တပို့တွဲလဆန်း(၁၂)ရက်၊ တနင်္လာနေ့ |
| ၅။ | **ဇာတိရပ်ရွာနှင့်ခမည်းတော် မယ်တော်တို့၏အမည်** | - | စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့နယ်၊ ပုပ္ပါးရွာ၊ ဦးတေဇဝန် - ဒေါ်အေးချို။ |

၆။ **ရှင်သာမဏေပြုခြင်း** - ၁၂ နှစ်သားအရွယ်တွင် ရေးဦးမြို့၊ ကမွားယံကျောင်းတိုက်ဆရာတော်ကိုဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ရောက်သည်။

၇။ **ရဟန်းပြုခြင်း** - ၁၃၁၈-ခုနှစ်၊ တန်ခူးလဆန်း (၁၂)ရက်နေ့တွင် ရေဦးမြို့၊ ချမ်းသာကြီးကျောင်းတိုက် ခဏ္ဍသိမ်၌ ဆရာတော်ဘဒ္ဒန္တပဏ္ဍိစ္စကိုဥပဇ္ဈာယ်ပြု၍ ရေဦးမြို့ ဆရာတော်နှင့် ဒေါ်အေးမိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့်ရဟန်းအဖြစ်သို့ ရောက်သည်။

၈။ **စာပေသင်ယူခြင်း** - ဆရာတော်သည် ပုပ္ပါးရွာတောင်ကျောင်းဘုန်းကြီး ဦးသီလာစာရ၊ ရေဦးမြို့၊ ချမ်းသာကြီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စ၊ ကမွားယံကျောင်း ဘဒ္ဒန္တသုဇနာဘိဝံသ၊ မန္တလေးမြို့၊ မဟာဝေယံဘုံသာတိုက် ဘဒ္ဒန္တကလျာဏ၊ ရန်ကုန်မြို့၊ ခြောက်ထပ်ကြီး ဘုရားကြီးတိုက် ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏ ဆရာတော်များထံ၌ စာပေများ သင်ယူခဲ့ပါသည်။

၉။ **အောင်မြင်ခဲ့သောစာမေးပွဲများ** - ဓမ္မာစရိယတန်းနှင့် ပါဠိဂုဏ်ထူးတန်းတို့ကို အောင်မြင်တော်မူသည်။

၁၀။ **စာပေပို့ချခြင်း** - ခြောက်ထပ်ကြီးကျောင်း ဘုရားကြီးတိုက်၊ ဂဏဝါစကပုဂ္ဂိုလ်ပြု၍ နိကာယဂဏဝါစကအဖြစ် ပို့ချတော်မူခဲ့ပါသည်။

၁၁။ **သာသနာရေးတာဝန်** - ခြောက်ထပ်ကြီးကျောင်း ဘုရားကြီးတိုက်၊ ဂဏဝါစက၊ပုဂ္ဂိုလ်ပြု၍ နိကာယဂဏဝါစက၊ နိကာယ်ငါးရပ် ပါဠိတော်စာမေးပွဲကြီး၌ ဥက္ကဋ္ဌ စတုတ္ထအကြိမ်နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် စသော သာသနာ့တာဝန်များကို အားပေး ဆောင်ရွက် တော်မူခဲ့ပါသည်။

| | | | |
|---|---|---|---|
| ၁၂။ | **ရေးသားပြုစုသောကျမ်းဂန်များ** | - | မရှိပါ။ |
| ၁၃။ | **သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် - ဆက်ကပ်ခံရခြင်း** | | (၁၃၆၂-ခုနှစ်)၊ (၂၀၀၁-ခုနှစ်)တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ရရှိတော်မူခဲ့ပါသည်။ |

## ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ မင်းကျောင်းပထမပြန်စာသင်တိုက်
## အဂ္ဂမဟာပဏ္ဍိတဆရာတော် ဘဒ္ဒန္တဝဏ္ဏသိရီ၏
## ထေရုပ္ပတ္တိအကျဉ်း



**ဆရာတော်ကြီးသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယမြောက်အကျိုးတော်ဆောင်အဖြစ်(၁၉၉၄-၁၉၉၅)ခုနှစ် အထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။**

| | | | |
|---|---|---|---|
| ၁။ | **ဘွဲ့တော်** | - | ဘဒ္ဒန္တဝဏ္ဏသိရီ |
| ၂။ | **ကျောင်းတိုက်** | - | မင်းကျောင်းပထမပြန်စာသင်တိုက်၊ သန်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၃။ | **အသက်၊ သိက္ခာ၊ ဂိုဏ်း** | - | သက်တော်( ၉၈)နှစ်၊ သိက္ခာတော်( ၇၈ )ဝါ ၊ သုဓမ္မာဂိုဏ်း။ |
| ၄။ | **မွေးသက္ကရာဇ်** | - | ၁၂၈၂ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁) ရက်၊ ဗုဒ္ဓဟူးနေ့။ |
| ၅။ | **ဇာတိရပ်ရွာနှင့် ခမည်းတော်၊ မယ်တော်တို့၏အမည်** | - | ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ထန်းတောကြီးရွာ၊ ဦးဘိုးဦး + ဒေါ်ငွေတင် |
| ၆။ | **ရှင်သာမဏေပြုခြင်း** | - | ထန်းတောကြီးရွာ၊ ဦးဘိုးမြိုင်+ဒေါ်ငွေညွန့်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ထန်းတောကြီးရွာတောင်ကျောင်းဆရာတော်ကြီးကို ဉပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။ |

၇။ **ရဟန်းပြုခြင်း** - ၁၃၇၁-ခုနှစ်၊ တပေါင်းလဆန်း(၁၂)ရက်၊ အင်္ဂါနေ့၊ နံနက် ၉ နာရီ၊ ၇ ဖဝါး၊ ၁-ဗီလာအချိန်တွင် အင်းစိန်ခရိုင်၊ လှည်းကူးမြို့နယ်၊ ရှမ်းတဲကြီး အောက်ရွာ ဦးသန့်+ဒေါ်စိန်းညွန့်၊ သမီး-မမြစိန်၊ မသန်း၊ သား-မောင်သိန်းမောင်၊ မောင်နေအောင် တို့၏ပစ္စယာနုဂ္ဂဟကိုခံယူတော်မူကာ ညောင်ဦးမြို့ ဆရာတော်ဘဒ္ဒန္တနန္ဒဝံသ(အဂ္ဂမဟာပဏ္ဍိတ)မဟာ ထေရ်ကို ဥပဇ္ဈာယ်ပြု၍ ငါးထပ်ကြီးဘုရားအနီးရှိ "အဘယာဘိဓေယျမဟာသိမ်တော်ကြီး"၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူပါသည်။

၈။ **စာပေသင်ယူခြင်း** - ထန်းတောကြီးရွာတောင်ကျောင်း ဆရာတော်၊ ပဲခူးမြို့(ရွှေမော်ဓောစေတီတော်၏ အရှေ့မြောက်ထောင့်) ဝိပဿနာကျောင်းဆရာတော် ဦးဝရိန္ဒ တို့ထံ၌ သဒ္ဒါ၊ သင်္ဂဟစသော ပိဋကတ်အခြေခံကျမ်းစာများ၊ ရန်ကုန်မြို့ ရွှေဂုံတိုင်လမ်း၊ ခြောက်ထပ်ကြီးဘုရားကြီးတိုက်၊ ဘဒ္ဒန္တကောဏ္ဍည (အဂ္ဂမဟာပဏ္ဍိတ) မဟာထေရ်ထံ ပြောင်းရွှေ့ ခိုလှုံ၍ စာချဆရာတော်ဦးဂန္ဓမာ(နံ့ယောသခွက်ကုန်း)ထံတွင် ပိဋကတ်စာပေများကိုသင်ကြားခဲ့ပါသည်။သန်လျင်မြို့နယ်၊ လဟာရက်ကျေးရွာ ပဓာနဆရာတော် ဦးကလျာဏ၊ စာချဆရာတော် အရှင်တေဇောသာရ၊ စာချဆရာတော် အရှင်သာသန တို့ထံ၌ ပထမပြန်ဆိုင်ရာစာပေများကို စနစ်တကျသင်ယူခဲ့ပါသည်။ ထို့ပြင်သန်လျင်မြို့၊ မင်းကျောင်းဆရာတော်ဦးခေမိန္ဒ၊ ရန်ကုန်မြို့၊ စမ်းချောင်း၊ အောင်မင်္ဂလာသိဒ္ဓိစာသင်တိုက်၊ ဗဟန်းမြို့နယ်၊ ညောင်တုန်းပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဦးဓမ္မသေနနှင့် စာချဆရာတော်များထံတွင် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ နေ့ဝါညဝါကျမ်းစာများကို ပါရဂူအဆင့်ထိတတ်မြောက်အောင် သင်ယူခဲ့ပါသည်။

၉။ **အောင်မြင်ခဲ့သောစာမေးပွဲများ** - ပထမငယ်တန်းကိုခုန်ကျော်ကာ“ပထမလတ်တန်း၊ ပထမကြီးတန်း၊ ဓမ္မာစရိယစာချတန်း” တို့ကို အောင်မြင်တော်မူခဲ့ပါသည်။ ဓမ္မာစရိယစာချတန်း၌ အောင်မြင်သူ(၄၀၁)ပါးအနက် အမှတ်စဉ်(၁)ဖြင့် ထူးခြားစွာ ဖြေဆိုအောင်မြင်တော်မူခဲ့သဖြင့် ရိုးရိုးဓမ္မာစရိယစာချဘွဲ့အပြင် အဂ္ဂမဟာအကျော် ဘွဲ့ကိုပါ ထူးခြားစွာ ဆက်ကပ်ခြင်းခံခဲ့ရပါသည်။

၁၀။ **စာပေပို့ချခြင်း** - ၁၃၁၃ - ခုနှစ်တွင် ဦးစီးနာယကဆရာတော်များ၏ စီစဉ်ချက်အရ သန်လျင်မင်းကျောင်းကို ပထမပြန် စာသင်တိုက်ကြီးအဖြစ် တည်ထောင်ဖွင့်လှစ်ကာ ပဓာနနာယကအဖြစ် တာဝန်ယူအုပ်ချုပ်တော်မူ လျက် စာပေကျမ်းဂန်များကို ပို့ချသင်ကြားပေး တော်မူခဲ့ပါသည်။ ၁၃၁၃-ခုနှစ်မှစ၍ ၁၃၅၀-ပြည့် နှစ်အထိ(၃၈)နှစ်အတွင်း မင်းကျောင်းပထမပြန် စာသင်တိုက်ကြီး၌ အစိုးရ ပါဠိပထမပြန်စာမေးပွဲ အတန်းအသီးသီးတွင် အောင်မြင်ခဲ့သော ပုဂ္ဂိုလ် များမှာ-၁။ စာချတန်း-၁၇-ပါး၊၂။ ပထမကြီး တန်း-၁၂၇-ပါး၊၃။ ပထမလတ်တန်း-၂၇၆-ပါး၊ ၄။ ပထမငယ်တန်း - ၃၂၁ - ပါး တို့ဖြစ်သည်။ ထိုတွင် ပထမငယ်တန်း၌ မြန်မာတစ်ပြည်လုံး (ပထမ) ဂုဏ်ထူးရ ၂-ပါး၊ (ဒုတိယ)ဂုဏ်ထူးရ ၂-ပါး၊ ပထမလတ်တန်း၌ မြန်မာတစ်ပြည်လုံး (ပထမ) ဂုဏ်ထူးရ ၁-ပါး၊ (တတိယ)ဂုဏ်ထူးရ ၄-ပါး၊ ပထမကြီးတန်း၌ မြန်မာတစ်ပြည်လုံး (ပထမ)ပထမကျော်ဂုဏ်ထူးရ ၃-ပါး၊ (ဒုတိယ) ဂုဏ်ထူးရ ၁-ပါးအားဖြင့် အထူးအောင် ၁၃-ပါး ပေါ်ထွက်လာခဲ့ပါသည်။

၁၁။ **သာသနာရေးတာဝန်** - ဆရာတော်သည်၁၃၁၆ - ခုနှစ်မှ ၁၃၄၁- ခုနှစ်အထိ သန်လျင်စာဖြေဌာန၌ အစိုးရပါဠိပထမပြန်စာမေးပွဲကြီးကြပ်ရေးအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ မော်ဘီ ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီး၌ (ပညာရေး အကြံပေးချက် ၁၇- ချက်ကို ကိုယ်တိုင်တင်ပြခြင်းနှင့် အတူ) သံဃာ့ကိုယ်စားလှယ် အဖြစ်လည်းကောင်း၊ ရန်ကုန်တိုင်း(၇)မြို့နယ်၊ သုဓမ္မာနိကာယစာပြန်ပွဲကြီး ၌ ၁၃၂၇-ခုနှစ်မှ ယနေ့အထိ အကျိုးတော်ဆောင်နှင့် ဆက်သွယ်ရေး တာဝန်ခံအဖြစ်လည်းကောင်း၊ သန်လျင်မြို့ ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်မြတ်၌ ၁၉၇၆-ခုနှစ်မှစ၍ ဩဝါဒါစရိယဆရာတော် အဖြစ်လည်းကောင်း၊ ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး ဖြစ်မြောက်ရေး မူလ သံဃာ့ဝန်ဆောင် (၆၆)ပါးတွင် ဝန်ဆောင်ဆရာတော် တစ်ပါးအဖြစ်လည်းကောင်း၊ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း ရေးဆွဲရေးအဖွဲ့ငယ်၌ အကျိုးဆောင် အဖြစ်လည်းကောင်း၊ (ပထမအကြိမ်) ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး၌ နိုင်ငံတော်သံဃမဟာ နာယက အဖွဲ့ဝင်နှင့် တွဲဖက်အကျိုးတော်ဆောင် (၁)အဖြစ်လည်းကောင်း၊ သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေးလုပ်ငန်းတို့ကို ကြိုးပမ်း ဆောင်ရွက်တော်မူခဲ့ပါသည်။

၁၂။ **သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်-ဆက်ကပ်ခံရခြင်း** ၁၃၅၀-ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းသော “အဂ္ဂမဟာပဏ္ဍိတ” ဘွဲ့တံဆိပ်တော်မြတ်ကိုအလှူခံယူရရှိတော်မူပါ သည်။

## ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့၊ ပုဏ္ဏာမာရာမဈေးကျောင်းတိုက်
## အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘဒ္ဒန္တဩသဓာဘိဝံသ၏
## ထေရုပ္ပတ္တိအကျဉ်း



**ဆရာတော်ကြီးသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့စတုတ္ထမြောက်အကျိုးတော်ဆောင် အဖြစ် (၂၀၀၅-၂၀၁၀) ခုနှစ် အထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။**

၁။ **ဘွဲ့တော်** - ဘဒ္ဒန္တဩသဓာဘိဝံသ

၂။ **ကျောင်းတိုက်** - ပုဏ္ဏာမာရာမဈေးကျောင်းတိုက်၊ ညောင်တုန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး။

၃။ **အသက်၊ သိက္ခာ၊ ဂိုဏ်း** - သက်တော်( ၈၂)နှစ်၊ သိက္ခာတော်( ၆၂ )ဝါ ၊ သုဓမ္မာဂိုဏ်း။

၄။ **မွေးသက္ကရာဇ်** ၁၂၈၄-ခုနှစ်၊ ကဆုန်လဆန်း(၅)ရက်၊ တနင်္ဂနွေနေ့။

၅။ **ဇာတိရပ်ရွာနှင့် ခမည်းတော်၊ မယ်တော်အမည်** - ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ ဆန်နီချောင်ကျေးရွာ ဦးဘိုးချိန်+ဒေါ်မယ်သင်

၆။ **ရှင်သာမဏေပြုခြင်း** - ၁၃၀၀-ပြည့်နှစ်တွင် ဧရာဝတီတိုင်း၊ မြန်အောင်မြို့နယ်၊ ဆန်နီချောင်ကျေးရွာ၊ ဇယသိင်္ဂီကျောင်း ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ရောက်တော်မူခဲ့ပါသည်။

၇။ **ရဟန်းပြုခြင်း** - ၁၃၇၃-ခုနှစ်၊ တပေါင်းလဆန်း ၁၀ - ရက် နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ ဆန်နီချောင်ကျေးရွာ၊ ဇယသိင်္ဂီကျောင်းခဏ္ဍသိမ်၌ ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။

၈။ **စာပေသင်ယူခြင်း** - ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ ဆန်နီချောင်ကျေးရွာ၊ ဇယသိင်္ဂီကျောင်းဆရာတော်၊ ကျုံပျော်မြို့၊ ဝေဠုဝန်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညာဗလ၊ ဘဒ္ဒန္တအတုလ၊ ဘဒ္ဒန္တကေတု၊ ညောင်တုန်းမြို့၊ ထုံးဘိုကျောင်း ဆရာတော် ဘဒ္ဒန္တဝံသိက၊ မန္တလေးမြို့၊ တောင်ထီးလင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသ၊ မန္တလေးမြို့၊ အောင်နန်းရိပ်သာကျောင်း ဆရာတော် ဘဒ္ဒန္တကလျာဏ၊ မန္တလေးမြို့၊ ဒက္ခိဏာရာမဘုရားကြီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဥက္ကံသ၊ ဘဒ္ဒန္တနာရဒတို့ထံ၌ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့ပါသည်။

၉။ **အောင်မြင်ခဲ့သောစာမေးပွဲများ** - အစိုးရပါဠိပထမပြန်စာမေးပွဲ ငယ်၊ လတ်၊ ကြီးကို အောင်မြင်တော်မူခဲ့ပြီး ၁၃၁၆-ခုနှစ်တွင် ဓမ္မာစရိယဂုဏ်ထူးဖြင့်လည်းကောင်း၊ အဘိဝံသ သုဓမ္မာ ပရိယတ္တိဓမ္မာစရိယ စာမေးပွဲတို့ကိုအောင်မြင်တော်မူခဲ့ပါသည်။

၁၀။ **စာပေပို့ချခြင်း** - ဆရာတော်သည်ဧရာဝတီတိုင်း၊ ညောင်တုန်းမြို့ ပုဏ္ဏမာရာမဈေးကျောင်းတိုက်၌ တပည့်စာသင်သား ရဟန်း သာမဏေတို့အား ပရိယတ္တိစာပေများကို သင်ကြားပို့ချတော်မူရင်း အသံလွှင့်တရားတော်များကို ဟောကြားခဲ့ပါသည်။

၁၁။ **သာသနာရေးတာဝန်** - ဆရာတော်သည် ဆဋ္ဌသင်္ဂါယနာတင်ပွဲ၌ ပဋိသမ္ဘိဒါ မဂ္ဂဘာဏကအဖြစ် ဆောင်ရွက်ခဲ့၍ ဧရာဝတီတိုင်း၊ ညောင်တုန်းမြို့နယ်၊ သုဓမ္မာသံဃာအဖွဲ့ကျောင်းပေါင်း(၁၇၀)တို့၏ လေးစားမှုခံယူခဲ့ပါသည်။ ၁၉၈၀- ပြည့်နှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ပေါ်ပေါက်ချိန်မှစ၍ ပထမအကြိမ်၊ ဒုတိယအကြိမ်၊ တတိယအကြိမ်၊ စတုတ္ထအကြိမ်၊ ပဉ္စမအကြိမ်တို့၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်အဖြစ်ဆက်တိုက်ထမ်းဆောင်ခဲ့ပါသည်။

ထို့ပြင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်-မန္တလေး)တို့၌ ဩဝါဒါစရိယဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ်၌ ဩဝါဒါစရိယအဖွဲ့အကျိုးတော်ဆောင်အဖြစ်လည်းကောင်း ပူးတွဲ တာဝန်ထမ်းဆောင်ခဲ့ပါသည်။

၁၂။ **သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရခြင်း** - ၁၃၆၅-(၂၀၀၄)ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းသော "အဘိဓဇမဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူပါသည်။

## မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ဗန်းမော်ကျောင်းတိုက်
## အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
## ဆရာတော်ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၏
## ထေရုပ္ပတ္တိအကျဉ်း



**ဆရာတော်ကြီးသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ပဉ္စမမြောက် အကျိုးတော်ဆောင်အဖြစ် (၂၀၁၀-၂၀၁၁) ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။**

၁။ **ဘွဲ့တော်** - ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ

၂။ **ကျောင်းတိုက်** - ဗန်းမော်ကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

၃။ **အသက်၊သိက္ခာ၊ဂိုဏ်း** - သက်တော်( ၈၈)နှစ်၊ သိက္ခာတော်( ၆၈ )ဝါ ၊ သုဓမ္မာဂိုဏ်း။

၄။ **မွေးသက္ကရာဇ်** ၁၂၉၁- ခုနှစ်၊ တော်သလင်းလဆန်း(၁၄)ရက်၊ (၁၆-၉-၁၉၂၉)တနင်္လာနေ့

၅။ **ဇာတိရပ်ရွာနှင့်ခမည်းတော်** - ရဘဲရွာ၊ တောင်သာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ ဦးဘိုးသစ်+ဒေါ်အေးသိုက်

| | | | |
|---|---|---|---|
| ၆။ | **ရှင်သာမဏေပြုခြင်း** | - | ၁၃၇၅-ခုနှစ်၊ ဝါခေါင်လဆန်း(၁၀)ရက်၊ တနင်္ဂနွေနေ့၊ ဆင်မင်းရွာကျောင်း ဆရာတော်ဘဒ္ဒန္တပဏ္ဍိစ္စကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။ |
| ၇။ | **ရဟန်းပြုခြင်း** | - | ၁၃၁၀-ပြည့်နှစ်၊ တပို့တွဲလဆန်း၁၀-ရက်၊ တနင်္လာနေ့ နံနက်(၉)နာရီအချိန်တွင် ရဘဲရွာ၊ ကံမြဲကျောင်း ဆရာတော် ဘဒ္ဒန္တသောဘိတကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ပစ္စယာနုဂ္ဂဟကို ခံယူကာ တောင်သာမြို့နယ်၊ ရဘဲရွာကျောင်းခဏ္ဍသိမ်၌ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။ |
| ၈။ | **စာပေသင်ယူခြင်း** | - | ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း၊ ဓမ္မာစရိယ ဂုဏ်ထူးတန်း၊ အဘိဝံသသုဓမ္မာ ပရိယတ္တိဓမ္မာစရိယတန်းတို့ကို သင်ယူတော်မူခဲ့ပါသည်။ |
| ၉။ | **အောင်မြင်ခဲ့သောစာမေးပွဲများ** | - | ပထမငယ်တန်း(၁၃၀၈)ခုနှစ်၊ ပထမလတ်တန်း(၁၃၀၉)ခုနှစ်၊ ပထမကြီးတန်း(၁၃၁၀)တို့ကို အောင်မြင်တော်မူခဲ့ပြီး၊ ၁၃၁၆-ခုနှစ်တွင် ဓမ္မာစရိယ ဂုဏ်ထူးဖြင့်လည်းကောင်း၊ အဘိဝံသ သုဓမ္မာ ပရိယတ္တိ ဓမ္မာစရိယ စာမေးပွဲတို့ကိုလည်းကောင်း အောင်မြင်တော်မူခဲ့ပါသည်။ |
| ၁၀။ | **ရေးသားပြုစုခဲ့သောကျမ်းစာများ** | - | သိမ်တောင်သာသနာဝင်ကျမ်း (မြန်မာဘာသာ) တိပိဋကပါဠိပဒ ကျမ်းညွှန်း၊ တိပိဋက ပါဠိ+မြန်မာအဘိဓာန်(အ)ဝဂ်၊ (၄)အုပ်(အဖွဲ့နှင့်ပြုစု) မောဂ္ဂလ္လာန်သဒ္ဒါကျမ်းကြီး၊ ပယောဂသိဒ္ဓိနိဿယ ပ+ဒုနှစ်အုပ်၊ မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်းကျမ်းကို ပါဠိဘာသာဖြင့်ပြန်ဆို ရေးသားခြင်း၊ (ပ+ဒု)နှစ်အုပ်၊ မန္တလေးရတနာမဥ္ဇူ ဘုရားသမိုင်း၊ ထေရီအပဒါနဒီပနီ (ပါဠိဘာသာ) |

တိပိဋက ပါရာဇိကဏ်၊ ပုစ္ဆာဝိသဇ္ဇနာကျမ်း၊ တိပိဋကပါစိတ် ပုစ္ဆာဝိသဇ္ဇနာကျမ်း၊ တိပိဋက မဟာဝါ၊ စူဠဝါ၊ ပရိဝါ၊ ပုစ္ဆာဝိသဇ္ဇနာကျမ်း၊ အောက်ယမိုက် ပါဠိတော် ငါးကျမ်း (အင်္ဂလိပ် ဘာသာ) (ဘဒ္ဒန္တနာရဒနှင့် ပူးတွဲပြုစု)၊ အထက် ယမိုက်ပါဠိတော် ငါးကျမ်း (အင်္ဂလိပ်ဘာသာ) တို့ကို ရေးသားပြုစုခဲ့ပါသည်။

၁၁။ **ဘွဲ့တံဆိပ်တော်များအလှူခံရရှိခြင်း ဆက်ကပ်ခံရခြင်း** - အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ (၁၉၉၁ - ခုနှစ်)၊ အဂ္ဂမဟာပဏ္ဍိတ ( ၁၉၉၉ - ခုနှစ် )၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ( ၂၀၀၅ - ခုနှစ် )၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက (၂၀၀၉-ခုနှစ်)၊ အဘိဓဇ မဟာရဋ္ဌဂုရု (၂၀၁၁ - ခုနှစ်)၊ ရန်ကုန်တက္ကသိုလ်မှ (Ph.D) (ဒေါက်တာဘွဲ့) (၂၀၁၃-ခုနှစ်)၊ ထိုင်းနိုင်ငံ Mahachulalongkorn Rajavidyalaya University မှ Ph.D (ဒေါက်တာဘွဲ့) (၂၀၁၅-ခုနှစ်)၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာ (၂၀၁၅-ခုနှစ်၊ အမေရိကန်နိုင်ငံမှ (World Peace Prize Awarding Council (WPPAC) မှ ကမ္ဘာ့ငြိမ်းချမ်းရေးဆု (၂၀၁၅-ခုနှစ်)၊ တောင်ကိုရီးယားနိုင်ငံမှ SEHAN University မှ Ph.D(ဒေါက်တာဘွဲ့)(၂၀၁၆-ခုနှစ်)၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေး ဗဟိုအဖွဲ့မှ Ph.D(ဒေါက်တာဘွဲ့)(၂၀၁၆-ခုနှစ်) တို့ကို အလှူခံရရှိတော်မူခဲ့ပါသည်။

၁၂။ **သာသနာရေးဆောင်ရွက်တော်မူခြင်း** - ဆရာတော်ဘုရားကြီးသည် စာမေးပွဲများကို ထူးချွန်စွာ အောင်မြင်ပြီးနောက် ၁၃၁၆-ခုနှစ်မှ စ၍ ဒက္ခိဏာရာမ ဘုရားကြီးတိုက်၊ နယား ကျောင်းတိုက်တွင် ငယ်၊ လတ်၊ ကြီးဆိုင်ရာ ပရိယတ္တိစာပေများကို စာသင်သားတပည့်များ အား သင်ကြားပို့ချပေးတော်မူခဲ့ပါသည်။

ထိုအခါတွင် ဆဋ္ဌသင်္ဂါယနာတင်ရာ၌ အစမှ အဆုံးတိုင်အောင် ဆဋ္ဌသင်္ဂါယနာတင် စာမူများကို ပုံနှိပ်ရာတွင် မှန်ကန်ကောင်းမွန်စေရေးအတွက် ဩသာန ပတ္တပါဠက၊ ဩသာနသောဓေယျက အဖြစ်တာဝန်ယူ၍ ပိဋကတ်စာပေများကို ပြင်ဆင် ပေးခဲ့ပါသည်။ ၁၉၈၀-ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၁)ရက်နေ့တွင် ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ကျင်းပရေးအတွက် မူလသံဃာ့ဝန်ဆောင် (၆၆) ပါးတွင် ရွေးချယ် ခံရ၍ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီး ဖြစ်မြောက် ရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူ ခဲ့ပါသည်။ ဆရာတော်ဘုရားကြီးသည် ၁၉၈၀ - ပြည့်နှစ်၊ မေလ ၂၄-ရက်မှ ၂၇-ရက်အထိ ပထမ အကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးမှ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ကို ဖွဲ့စည်းရာ၌ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အဖြစ် ရွေးချယ်ခံရပြီး နိုင်ငံတော်ဝိနည်းဓိုရ် ဆရာတော်အဖြစ် သာသနာ့တာဝန်၊ သံဃာ့ တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

ဆရာတော်ဘုရားကြီးသည် ၁၉၉၈-ခုနှစ်၊ ဒီဇင်ဘာလ (၉)ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကို စတင်

ဖွင့်လှစ်ရာ၌ ပရိယတ္တိ မဟာဌာနမှူးအဖြစ် ဆောင်ရွက်တော်မူခဲ့ပါသည်။ ၂၀၀၁-ခုနှစ်၊ဇွန်လ (၁)ရက်နေ့တွင် ဒုတိယပါမောက္ခချုပ်ဆရာတော် အဖြစ်တိုးမြှင့်အပ်နှင်းခြင်း ခံရတော်မူပါသည်။ ဆရာတော်ဘုရားကြီးသည် ၂၀၁၀-ပြည့်နှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့မှ ယနေ့အချိန်အထိ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်နှင့် နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်များ၏ အဓိပတိဆရာတော်အဖြစ် ဆောင်ရွက်တော်မူလျက်ရှိပါသည်။ ဆရာတော် ဘုရားကြီးသည် ၂၀၁၀-ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၂၀)ရက်နေ့တွင် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့တွင် အကျိုးတော်ဆောင်ဆရာတော်အဖြစ် လည်းကောင်း၊ ၂၀၁၀-ပြည့်နှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့မှစ၍ ယနေ့အထိ ဥက္ကဋ္ဌဆရာတော်အဖြစ် လည်းကောင်း သာသနာ့တာဝန်များကို ဆောင် ရွက်တော်မူလျက်ရှိပါသည်။

ဆရာတော်ဘုရားကြီးသည် မိမိရရှိထား သော လာဘ်လာဘ ဝတ္ထုငွေများကို မက်မော ခင်တွယ်မှုမရှိဘဲ ပညာရေး ဖောင်ဒေးရှင်း တည်ထောင်၍ ဓမ္မာစရိယအောင်မြင်ပြီးနောက် ရဟန်းတော်များကို သီရိလင်္ကာနိုင်ငံနှင့် အိန္ဒိယ နိုင်ငံများတွင် မဟာဝိဇ္ဇာဘွဲ့၊ ပါရဂူဘွဲ့များ သင်ယူနိုင်ရန် ထောက်ပံ့လှူဒါန်းလျက် ရှိပါသည်။ ယခုအခါ ပညာရေးဖောင်ဒေးရှင်း အလှူတော် ရန်ပုံငွေမှာ စုစုပေါင်း သိန်း(၂၅၀၀) ရှိပြီဖြစ် ပါသည်။ ဆရာတော်ဘုရားကြီးသည် ပရိယတ္တိ သာမကပဋိပတ္တိနှင့်ပတ်သက်၍လည်း စွန်းလွန်းဂူ ဆရာတော်၊ မြေဇင်းတောရဆရာတော်၊ မဟာစည် ဆရာတော်တို့ထံတွင် နိသျည်းကျကျ ခံယူ၍ ဝိပဿနာတရားများအားထုတ်တော်မူခဲ့ပါသည်။

ဆရာတော်ဘုရားကြီးသည် ယခုအချိန်ထိလည်း နေ့စဉ်အနည်းဆုံး(၂)နာရီ ဝိပဿနာတရားများ အားထုတ်တော်မူလျက် ရှိပါသည်။ ဤသို့လျှင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ဘုရားကြီးသည် ပရိယတ္တိသာသနာ၊ ပဋိပတ္တိ သာသနာတော် အဓွန့်ရှည် တည်တံ့ပြန့်ပွားရေးအတွက် သာသနာ့တာဝန်ကို စွမ်းစွမ်းတမံဆောင်ရွက်လျက် ရှိပါသည်။

## ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ မင်းကျောင်းပထမပြန်စာသင်တိုက်
## ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတဆရာတော်
## ဘဒ္ဒန္တစန္ဒိမာဘိဝံသ၏ ထေရုပ္ပတ္တိအကျဉ်း



**ဆရာတော်ကြီးသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ သတ္တမမြောက် အကျိုးတော်ဆောင်အဖြစ် ၂၀၁၅-ခုနှစ်မှ ယနေ့အထိ တာဝန်ထမ်းဆောင်လျက်ရှိပါသည်။**

| | | | |
|---|---|---|---|
| ၁။ | **ဘွဲ့တော်** | - | ဘဒ္ဒန္တစန္ဒိမာဘိဝံသ |
| ၂။ | **ကျောင်းတိုက်** | - | မင်းကျောင်းပထမပြန်စာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၃။ | **အသက်၊သိက္ခာ၊ဂိုဏ်း** | - | သက်တော်(၇၂)နှစ်၊ သိက္ခာတော်(၅၂)ဝါ ၊ သုဓမ္မာဂိုဏ်း။ |
| ၄။ | **မွေးသက္ကရာဇ်** | | ၁၃၀၈-ခုနှစ်၊ တပို့တွဲလဆန်း(၁၄)ရက်၊ အင်္ဂါနေ့။ |
| ၅။ | **ဇာတိရပ်ရွာနှင့်ခမည်းတော် မယ်တော်တို့၏အမည်** | - | ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ဘော်ဂလွတ်ကျေးရွာ၊ ဦးထွေး+ဒေါ်ကြင် |
| ၆။ | **ရှင်သာမဏေပြုခြင်း** | - | (၁၂)နှစ်အရွယ်တွင် ကျောက်တန်းမြို့၊ ဘော်ဂလွတ်ကျောင်းဆရာတော် ဘဒ္ဒန္တဇနိန္ဒ (နိုင်ငံတော်သြဝါဒါစရိယ)ထံ၌ ဥပဇ္ဈာယ်ပြု၍ အဘိုးဦးတက်ပြား+အဖွားဒေါ်နှင်းဆီတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်သည်။ |

၇။ **ရဟန်းပြုခြင်း** - အသက်(၂၀)အရွယ်၊ ၁၃၂၈-ခုနှစ်၊ နယုန်လပြည့်ကျော်(၂)ရက် တနင်္ဂနွေနေ့၊ နံနက်(၉:၁၃)နာရီတွင် ဘော်ဂလွတ်ကျောင်း ဆရာတော် ဘဒ္ဒန္တဇနိန္ဒကို ဥပဇ္ဈာယ်ပြု၍ ရန်ကုန်မြို့၊ ကမ္ဘာအေးစေတီလမ်း၊ စူနီရံပါတ် ခြံ(၂)နေ ဦးတင်နွယ်+ဒေါ်ကြည်ကြည် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မင်းကျောင်း ပထမပြန်စာသင်တိုက် ခဏ္ဍသိမ်တော်၌ ရဟန်း အဖြစ်သို့ ရောက်သည်။

၈။ **စာပေသင်ယူခြင်း** - ဘော်ဂလွတ်ကျောင်း ဆရာတော်ဦးဇနိန္ဒ (နိုင်ငံတော် သြဝါဒါစရိယ)နှင့် ဆရာတော် ဦးဝီရိယ၊ သန်လျင်မြို့၊ မင်းကျောင်းပထမပြန် စာသင်တိုက် ပဓာနနာယကဆရာတော် ဦးဝဏ္ဏသီရိ (အဂ္ဂမဟာ အကျော်၊ အဂ္ဂမဟာပဏ္ဍိတ)၊ စာချဆရာတော်များ ဖြစ်သည့် ဆရာတော် ဦးကုသလ (နိုင်ငံတော် သြဝါဒါစရိယ)ဆရာတော် ဦးဣန္ဒာစာရ(နိုင်ငံတော် သြဝါဒါစရိယ)မြတောင်တိုက်၊ သမ္ဗုတစာချကျောင်း ဆရာတော် ဦးကေလာသာဘိဝံသ (အဂ္ဂမဟာ ပဏ္ဍိတ)၊ ရွှေဝါဝင်းကျောင်းဆရာတော် ဦးသာသနာ ဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု၊ နိုင်ငံတော် သြဝါဒါစရိယ)မဏိရတနာကျောင်း ဆရာတော် ဦးအာစိဏ္ဏာဘိဝံသ ( သ - စ - အ)ဓမ္မာစရိယ၊ မစိုးရိမ်တိုက်သစ်၊ ဓမ္မဒါယာဒကျောင်း ဆရာတော် ဦးရာဇဓမ္မာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)၊ မစိုးရိမ် တိုက်၊ ပိဋကနယူပဒေသကျောင်း ဆရာတော် ဦးကောဝိဒါဘိဝံသ (သ-စ-အ ဓမ္မာစရိယ)၊ ပေါက်မြိုင်တိုက်ဆရာတော် ဦးအဂ္ဂဝံသ (အဘိဓဇ မဟာရဋ္ဌဂုရု)စသည့် ဆရာတော်များထံ၌ ပရိယတ္တိ စာပေများကို သင်ယူဆည်းပူးခဲ့ပါသည်။

၉။ **အောင်မြင်ခဲ့သောစာမေးပွဲများ** - အစိုးရပါဠိပထမပြန်စာမေးပွဲ ပထမငယ်တန်း (ဒုတိယ)၊ ပထမလတ်တန်း(တတိယ)၊ ပထမကြီးတန်း(ပထမကျော်)၊ စေတိယင်္ဂဏစာသင်တန်း၊ အစိုးရဓမ္မာစရိယတန်း၊ စေတိယင်္ဂဏ စာချတန်း၊ သကျသီဟ စာချတန်းတို့ကို ဖြေဆိုအောင်မြင်တော်မူခဲ့ပါသည်။

၁၀။ **သာသနာရေးတာဝန်** - သံဃနာယကအဖွဲ့ အဆင့်ဆင့် ဖွဲ့စည်းရာတွင် ပထမအကြိမ်၌ မြို့နယ်သံဃနာယကအဖွဲ့ဝင်၊ ဒုတိယအကြိမ်၊ တတိယအကြိမ်တို့၌ မြို့နယ်သံဃနာယကအဖွဲ့အကျိုးတော်ဆောင်၊ စတုတ္ထအကြိမ်၌ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ ပဥ္စမအကြိမ်၌ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်ဝိနည်းဓိုရ်၊ နိုင်ငံတော်သီးခြားဝိနည်းဓိုရ်၊ ရန်ကုန်တိုင်း ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ(အဖွဲ့ဝင်)၊ တိပိဋကဓရ ရွေးချယ်ရေးသြဝါဒါစရိယအဖွဲ့ အကျိုးတော်ဆောင် တာဝန်များကိုဆောင်ရွက်ပြီး ဆောင်ရွက်ဆဲဖြစ်ပါသည်။

၁၁။ **သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခံရခြင်း** - ၁၃၅၅(၁၉၉၃)ခုနှစ်တွင် မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့၊ ၁၃၆၀(၁၉၉၉)ခုနှစ်တွင် မန္တလေးမြို့ ပရိယတ္တိသာသနာ့ဟိတအသင်းကြီးမှ ဆက်ကပ်သော ပရိယတ္တိသာသနဟိတဓရဘွဲ့၊ ၁၃၆၂(၂၀၀၀)ပြည့်နှစ်တွင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့၊ ၁၃၆၉ (၂၀၀၇) ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်တို့ကို အလှူခံရရှိတော်မူခဲ့ပါသည်။